Message Two

# ဘုရားသခင်သည် ကျွန်ုပ်တို့၏ပူးပေါင်းပါဝင်မှုနှင့် ကိုယ်တော်၏အလိုတော်ကို ထင်ရှားစေသည့် ဆုတောင်းခြင်းများ လိုအပ်နေခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ကော၊ ၆း၁၇။ မ၊၆း၁၀။ ၇း၂၁။ ၁၂း၅၀။ ၁ယော၊၅း၁၄-၁၆။ ယော၊၁၅း၇

**I. မြေကြီးပေါ်မှာ ကိုယ်တော်၏အလိုတော် ပြည့်စုံစေဖို့နှင့် ကိုယ်တော်၏ထာဝရအကြံအစည်တော် ပြီးပြည့်စုံစေဖို့အလို့ငှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ပူးပေါင်းပါဝင်မှုကို လိုအပ်နေသည် - ၁ကော၊၆း၁၇။ မ၊၇း၁၁။ ၁၂း၅၀။**

A. ဘုရားသခင်သည် ကောင်းကင်၌ ကိုယ်တော်စီမံထားသည့်အရာကို မြေကြီးပေါ်မှာ ကိုယ်တော်နှင့်အတူ ပူးပေါင်းပါဝင်မည့် လူများကို ကိုယ်တော်ရရှိမှသာ သယ်ဆောင်နိုင်ပေသည် - ယော၊၇း၁၇။ ၁၅း၄-၅။

1. ဘုရားသခင်သည် မြေကြီးပေါ်မှာ ကိုယ်တော်နှင့်အတူ ပူးပေါင်းပါဝင်မည့်သူ၊ ကိုယ်တော်၏အသိဉာဏ်တော်အတိုင်း ကိုယ်တော်နှင့်အတူ လုပ်ဆောင်မည့်သူ လူများကို ရရှိရန် လိုအပ်နေသည် - ဖိ၊၃း၁၅။ ကော၊၃း၂။
2. ဘုရားသခင်ကဲ့သို့ တူညီသောအသိဉာဏ်ရှိသူများနှင့် ကိုယ်တော်နှင့်အတူ လုပ်ဆောင်ရန် လိုလားဆန္ဒရှိသူများ ရှိနေသရွေ့ ဘုရားသခင်၏အလုပ်သည် မြေကြီးပေါ်မှာ သယ်ဆောင်ခြင်းရှိလိမ့်မည်ဖြစ်သည် - ၁ကော၊၁၅း၅၈။ ၁၆း၁၀။

B. ကျွန်ုပ်တို့၏မျက်စိများသည် ဖွင့်ခြင်းခံပြီး၊ ဘုရားသခင်၌ ကန့်သတ်ခံရခြင်းများရှိနေကြောင်း မြင်ရန်နှင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ မည်သို့ပူးပေါင်းပါဝင်နိုင်မည့်အကြောင်း မြင်နိုင်ရန် လိုအပ်သည် - မ၊၆း၁၀။ ၁၈း၁၈-၁၉။ ၂ကော၊၆း၁။

1. ဘုရားသခင်သည် အလုံးစုံတတ်စွမ်းနိုင်သောအရှင်ဖြစ်သည်၊ သို့သော် ကိုယ်တော်၏အလုံးစုံတတ်စွမ်းနိုင်ခြင်းသည် ကန့်သတ်ခြင်းခံရနေရသည်၊ အကြောင်းမှာ ကိုယ်တော်သည် သူ၏လုပ်ဆောင်ခြင်းအတွက် သင့်လျော်မှုရှိမည့် အခြေအနေတစ်စုံတစ်ခု ရှိရမည်ဖြစ်သောကြောင့် ဖြစ်သည် - ယော၊၇း၁၇။ မ၊၇း၂၁။
2. လူသည် လွတ်လပ်သောအလိုဆန္ဒနှင့်အတူ ဖန်ဆင်းခံရသည်။ ဘုရားသခင်၏ကန့်သတ်ခံရခြင်းသည် ဤအချက်မှ အစပြုသည် - က၊၁း၂၆။
    a. ဖန်ဆင်းခြင်း၌ ဘုရားသခင်သည် ကိုယ်တော်၏အနန္တတန်ခိုးတော်ကို လူသားအလိုဆန္ဒ၏ ကန့်သတ်ခြင်းအောက်မှာ ထားရှိခဲ့သည် - အငယ်၊၂၈။ ၂း၉၊ ၁၆-၁၇။
    b. ဘုရားသခင်က လူသား၏အလိုဆန္ဒသည် ကိုယ်တော့်ဘက်၌ ရှိစေရန် အလိုရှိသည်။ ထို့ကြောင့် ကိုယ်တော်သည် ဤလိုလားဆန္ဒက ဖြစ်ပေါ်စေသည့် ကန့်သတ်ခြင်းကို လက်ခံတော်မူခဲ့သည် - ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈။ ရော၊၁၂း၂-၃။
3. ခရစ်တော်၏ ရှင်သန်သော၊ နက်နဲခြင်းဆိုင်ရာ ကိုယ်ခန္ဓာတော် အင်္ဂါဝင်များအနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားစေခြင်း သို့မဟုတ် ကိုယ်တော်ကို ကန့်သတ်ခြင်း ရှိနေကြသည် - ၁ကော၊၁၂း၁၂-၁၃၊ ၁၈-၂၀၊ ၂၇။
    a. သခင်ဘုရားသည် ကျွန်ုပ်တို့ကို ကိုယ်တော်အလိုတော်ရှိသောအရာ လုပ်ဆောင်သမျှမှ ကိုယ်တော်အား တားဆီးသည့်အရာ မည်သည့်အရာမျှမရှိသည့် အချက်သို့တိုင် ခေါ်ဆောင်ပေးလိုသည် - ၆း၁၇။ မ၊၆း၁၀။ ၇း၂၁။ ၁၂း၅၀။ ဧ၊၁း၁၊ ၉။ ၅း၁၇။
    b. သခင်ဘုရားသည် ကျွန်ုပ်တို့အား ကိုယ်တော်ထံသို့ လုံးလုံး တုန့်ပြန်မှုရှိသည့်နေရာသို့တိုင် ခေါ်ဆောင်ပြီဆိုလျှင် ကိုယ်တော်သည် သူ၏အလိုတော်ကို ပြီးမြောက်စေရန် လွတ်လပ်သော၊ အတားအဆီးမရှိသော နည်းလမ်းကို ရရှိလိမ့်မည်ဖြစ်သည်။ ထိုအခါ မြေကြီးပေါ်မှာ ကိုယ်တော်၏အကြံအစည်တော်ကို သယ်ဆောင်ခြင်းငှာ ဘုရားသခင်မလုပ်နိုင်သောအရာ ဘာမျှမရှိ ဖြစ်လိမ့်မည်ဖြစ်သည် - မ၊၆း၁၀။ ၂၆း၃၉၊ ၄၂။ ဟေဗြဲ၊၁၃း၂၁။

**II. ဘုရားသခင်သည် ကိုယ်တော်၏အလိုတော်ကို ထင်ရှားဖော်ပြသော ဆုတောင်းခြင်းကို လိုအပ်နေသည် - မ၊၆း၁၀။**

A. ဘုရားသခင်သည် အကြံအစည်တော်ရှိသော ဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်ကိုယ်တိုင် ကျေနပ်အားရရာ အလိုတော်ရှိကာ ကိုယ်တော်၏အလိုတော်အတွက် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့သည်၊ သို့မှသာ ကိုယ်တော်သည် သူ၏အကြံအစည်တော်ကို ပြီးမြောက်ခြင်းနှင့် ပြည့်စုံစေခြင်း ရှိနိုင်မည်ဖြစ်သည် - ဗျာ၊၄း၁၁။ ဧ၊၃း၉-၁၁။ ကော၊၁း၉။

1. ဘုရားသခင်၏အလိုတော်သည် ကိုယ်တော်၏စိတ်နှလုံးတော်အလိုဆန္ဒ၊ လူနှင့်အတူ ကိုယ်တော်ရောနှောပေါင်းစည်းခြင်းနှင့် ကိုယ်တော်၏ထာဝရအကြံအစည်တော် ပြီးပြည့်စုံစေခြင်းပင် ဖြစ်သည် - ဧ၊၁း၅၊ ၉၊ ၂၂။ ၅း၁၇။
2. ဘုရားသခင်၏အလိုတော်သည် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏ထင်ရှားခြင်းဖြစ်ရန် ခရစ်တော်က ကိုယ်ခန္ဓာတော်ကို ရရှိဖို့ ဖြစ်သည် - ရော၊၁၂း၂၊ ၅။ ဧ၊၁း၅၊ ၉၊ ၁၁၊ ၂၂-၂၃။

3. ခမည်းတော်၏ထာဝရအလိုတော်သည် ကျောက်အဖြစ် သားတော်ခရစ်တော်အပေါ်မှာ အသင်းတော်ကို တည်ဆောက်ရန်ဖြစ်သည် - မ၁၆း၁၈။ ၏၂း၁၁-၂၂။ ၄း၁၆။
4. နိုင်ငံတော်သည် ဘုရားသခင့်အလိုတော်၏အကြောင်းအရာ လုံးလုံးဖြစ်ပြီး၊ ဘုရားသခင့်အလိုတော် ပြီးပြည့်စုံခြင်းအကြောင်းအရာ လုံးလုံး ဖြစ်သည်။ အမှန်တွင် နိုင်ငံတော်သည် ဘုရားသခင်၏အလိုတော်ဖြစ်သည် - မ၆း၁၀။
5. ခရစ်တော်၌ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်ရန် မြေကြီးပေါ်မှာ ရှိနေကြသည် - ၇း၂၁။ ၁၂း၅၀။
   a. ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်သောသူမှန်သမျှသည် သခင်ယေရှု၏ ဆွေမျိုးသားချင်းဖြစ်သည် - ၁၂း၅၀။
   b. ကျွန်ုပ်တို့သည် ခမည်းတော်၏အလိုတော်မှာ ကောင်းကင်များ၌ပြည့်စုံသည့်နည်းတူ မြေကြီးပေါ်မှာ ပြည့်စုံဖို့ ဆုတောင်းရန် လိုအပ်သည်။ ဤသည်မှာ ကောင်းကင်များ၏နိုင်ငံတော်ကို မြေကြီးသို့ ယူဆောင်လာခြင်းဖြစ်သည် - ၆း၁၀။

B. ဘုရားသခင်က ကျွန်ုပ်တို့သည် ကိုယ်တော်၏အလိုတော်ကို ထင်ရှားဖော်ပြသည့် ဆုတောင်းခြင်းများကို ပူဇော်စေဖို့ အလိုတော်ရှိသည် - ၁ယော၊၅း၁၄။ ယော၊၁၅း၇။ မ၂၆း၃၉၊၄၂။ ၆း၁၀။ ၁၈း၁၉။
1. ဆုတောင်းခြင်းသည် ယုံကြည်သူများ၏အလိုဆန္ဒနှင့် ဘုရားသခင်၏အလိုတော် ပေါင်းစည်းခြင်း ဖြစ်သည် - ယော၊၁၅း၇။
2. အသင်းတော်၏ အကြီးများဆုံး အသုံးဝင်မှုမှာ ယင်းသည် ဘုရားသခင်၏အလိုတော်အား မြေကြီးပေါ် ပြည့်စုံစေခြင်းအတွက် ရပ်တည်နေခြင်း အချက်ပင် ဖြစ်သည် - မ၊၆း၁၀။
3. အသင်းတော်သည် ဆုတောင်းခြင်းဆိုသည်မှာ ယင်းသည် ဘုရားသခင်၏အလိုတော်ကို ရှာဖွေတွေ့ရှိပြီး၊ ကိုယ်တော်၏အလိုတော်ကို ပြောထွက်ခြင်းဖြစ်ကြောင်း ဆိုလိုသည် - ၏၁း၉။ ၅း၁၇။
4. အသင်းတော်သည် ဆုတောင်းခြင်းဆိုသည်မှာ ယင်းသည် ဘုရားသခင်ဘက်၌ ရပ်တည်၍၊ ဘုရားသခင်အလိုရှိသောအရာကို ၎င်းကလည်း အလိုရှိကြောင်း ကြေညာခြင်းကို ဆိုလိုသည် - မ၁၈း၁၉။
5. မြေကြီးပေါ်ရှိ ဘုရားသခင်၏အလုပ်များမှာ မြေကြီးပေါ်တွင် ဘုရားသခင်နှင့် သဘောတူခြင်းရှိသော အလိုဆန္ဒရှိသောအခါမှသာလျှင် ပြီးပြည့်စုံနိုင်မည်ဖြစ်သည် - ၁ယော၊၅း၁၄။ ယော၊၁၅း၇။
   a. ဘုရားသခင်၏အလိုတော်သည် မြေကြီးပေါ်မှာ ကိုယ်တော်နှင့်အတူ ပူးပေါင်းပါဝင်သည့် အလိုဆန္ဒ ရှိသောအခါမှသာလျှင် ပြီးမြောက်နိုင်မည်ဖြစ်သည် - မ၆း၁၀။
   b. လူ၏အလိုဆန္ဒသည် ဘုရားသခင်၏အလိုတော်နှင့် တစ်လုံးတစ်ဝ မဖြစ်သောအခါတိုင်း ဘုရားသခင်သည် ကန့်သတ်ခြင်း ခံရသည်။ ဘုရားသခင်သည် ကိုယ်တော်၏အလိုတော်နှင့် လိုက်လျောညီထွေဖြစ်သည့် ကျွန်ုပ်တို့၏အလိုဆန္ဒကို ရရှိရမည်ဖြစ်သည် - ယော၊၅း၇။
   c. ဘုရားသခင်၌ အလိုဆန္ဒ ရှိသော်လည်း၊ ကိုယ်တော်က မည်သည့်အရာကိုမျှ မလုပ်ခင်မှာ မြေကြီးပေါ်မှ လွတ်လပ်သောအလိုဆန္ဒသည် ကိုယ်တော်၏အလိုဆန္ဒကို ပဲ့တင်ထပ်စေဖို့အလိုရှိနေသည် - ၁ယော၊၅း၁၄။ ယာ၊၅း၁၇-၁၈။
   d. ကျွန်ုပ်တို့က ကိုယ်တော်၏အလိုတော်ကို သိရှိပြီးနောက်၊ ကိုယ်တော်အား "သခင်၊ ကိုယ်တော်အား ဤအရာကိုလုပ်စေရန် ကျွန်ုပ်တို့အလိုရှိပါသည်။ ကိုယ်တော်သည် ဤအရာကို လုပ်သင့်ကြောင်း ကျွန်ုပ်တို့ ဆုံးဖြတ်ကြပါသည်"ဟု ပြောနိုင်ပါသည်။
   e. ဘုရားသခင်၏အလိုတော်အတိုင်းမဟုတ်သော မည်သည့်ဆုတောင်းချက်မဆို အသုံးမဝင်ပေ - ယာ၊၄း၄။
   f. ဘုရားသခင်၏အလိုတော်အတိုင်း မြွက်ဆိုသည့် ဆုတောင်းချက်သည် တန်ခိုးအကြီးမားဆုံးသောအရာ ဖြစ်သည် - ၁ယော၊၅း၁၄။ မ၁၇း၂၀။ မာ၊၁၁း၂၂-၂၄။
   g. ဘုရားသခင်နှင့် သဘောတူညီခြင်း၌ ဆုတောင်းခြင်းမှာ အခြားမည်သည့်အရာကိုမျှ လုပ်ဆောင်ခြင်းထက် ပို၍အရေးကြီးသောအရာဖြစ်သည် - မ၁၈း၁၉။

C. အသင်းတော်၏ ဆုတောင်းခြင်းအမှုတော်မှာ ဘုရားသခင်က အသင်းတော်အား ကိုယ်တော်လုပ်ဆောင်လိုသောအရာကို ပြောပြပြီး၊ အသင်းတော်က ဘုရားသခင်လုပ်ဆောင်လိုသောအရာကို မြေကြီးပေါ်မှာ ဆုတောင်းခြင်း ဖြစ်သည်။ ဤဆုတောင်းခြင်းသည် ကျွန်ုပ်တို့က ကိုယ်တော်ကို လုပ်ပေးစေလိုသောအရာအား ပြီးမြောက်စေဖို့ ဘုရားသခင်ထံ တောင်းခံခြင်းမဟုတ်ဘဲ၊ ကိုယ်တော်ကိုယ်တိုင်က ပြီးမြောက်ရန် အလိုတော်ရှိသည့်အရာကို ပြီးမြောက်စေဖို့ ဘုရားသခင်အားတောင်းလျှောက်ခြင်း ဖြစ်သည် - ကော၊၁း၉။ ၄း၁၂။ ၏၅း၁၇။ ယော၊၁၅း၇။